myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

July 26, 2019 Volume 21, Number 18

## ၂၆.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၁၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၁.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၀.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၆၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၈၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## လက်လီလုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုဖို့စီစဉ်နေ



လက်လီလုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ၃၅ ရာခိုင်နှုန်း အထိ ခွင့်ပြုပေးဖို့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ မြန်မာနိုင်ငံလက်လီရောင်းချသူများ အသင်းကသိရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လက်လီဈေးကွက်အတွင်း ဝင်ရောက်ခွင့်ကို ရာခိုင်နှုန်းအလိုက် ခွင့်ပြုတာက ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြင်ဆင်ချိန်ရပြီး နစ်နာမှုတွေမဖြစ်အောင် ဆောင်ရွက်တာဖြစ်တယ်လို့ဆိုပါတယ်။ ဆွေးနွေးမှုတွေ ပြီးမြောက်ပါက မြန်မာနိုင်ငံက လက်လီလုပ်ငန်းရှင်တွေအနေနဲ့ မိမိရဲ့လုပ်ငန်းရပ်တည်ဖို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်းအထိ ဖိတ်ခေါ်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ၃၅ ရာခိုင်နှုန်းအထိဆိုရင် ဘယ်လောက်အထိ အစိုးရကခွင့်ပြုနိုင်မလဲဆိုတာ အစိုးရကိုပြန်ဆွေးနွေးနေတုန်းပဲလို့ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသူရိန်ငြိမ်း က ပြောပါတယ်။

လက်လီကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပေ ၁၀၀ ပတ်လည်နဲ့ အထက်ကြီးသူတွေကိုသာ ဖွင့်လှစ်ခွင့်ပြုတာကြောင့် လက်လီဆိုင်လေးတွေ ကို ထိခိုက်မှုနည်းပါးအောင် စီစဉ်တာဖြစ်တယ်လို့ဆိုပါတယ်။ ပြည်တွင်းအရောင်းဆိုင်တွေအနေနဲ့လည်း နိုင်ငံခြားကနေဝင်ရောက်လာတဲ့ လက်လီအရောင်းဈေးကွက်ကိုယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ထားဖို့လိုတယ်လို့ သိရပါတယ်။ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်က ကိုယ်ကသူများနဲ့ ဘာကွာလဲ ပြောနိုင်လုပ်နိုင်မှ၊ မြန်မာပြည်မှာ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းရောင်းနေတဲ့ ဆိုင်အရေအတွက် ခန့်မှန်းခြေက နှစ်သိန်းနဲ့ သုံးသိန်းကြားမှာရှိကြတယ်၊ အဲဒါတွေအများစုကတော့ traditional trade လို့ခေါ်တဲ့ မိရိုးဖလာလုပ်ငန်းကိုလုပ်နေတဲ့လူအများစုရဲ့ လာတဲ့ Business Communication က ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်၊ ကျွန်တော်တို့ မြန်မာပြည်အတွက် ဒီလက်လီ လုပ်ငန်း traditional trade အရမ်းအရေးကြီးပါတယ်။

Marketing မှာ basic concept က ဘာလဲလို့မေးရင် တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင်လုပ်ရင် ကိုယ်ကသူများနဲ့ ဘာကွာလဲဆိုတာကို ပြောနိုင်မှ တကယ်

လုပ်နိုင်မှ အောင်မြင်တဲ့သူဖြစ်မှာပါလို့ ဆွေးနွေးပွဲတစ်ခုမှာ ထည့်သွင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းအနေနဲ့လည်း လက်လီဆိုင်တွေနဲ့ပတ်သက်ပြီး သင်တန်းတွေပေးတာ၊ နည်းပညာတွေမျှဝေတာ၊ အကြံပြုတာတွေကို ပြုလုပ်ပေးနေတာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်း ခွင့်ပြုပေးပါက ပြည်တွင်းလုပ်ငန်းရှင်တွေ အနေနဲ့ကိုယ့်ရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှယ်ယာရှင်တွေကို ၃၅ ရာခိုင်နှုန်း အထိ ခေါ်ခွင့်ရှိမှာဖြစ်သလို ပြည်တွင်းလုပ်ငန်းတစ်ခုအနေနဲ့လည်း ဆက်လက်ရပ်တည်ခွင့်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်း လုပ်ငန်းရှင်တွေအနေနဲ့ ကုန်ပစ္စည်းမှာယူမှုအပိုင်း၊ ရောင်းချမှုအပိုင်း၊ စာရင်းပြုစုမှုအပိုင်းစတာတွေမှာ စနစ်တကျ ပြင်ဆင် ထားဖို့လိုတယ်လို့ ပညာရှင်တွေက အကြံပြုထားပါတယ်။ ဦးသူရိန်ငြိမ်းက ကြိုတင်ပြင်ဆင်တယ်ဆိုတဲ့ နေရာမှာ အစိုးရကချည်းပဲ ပြင်လို့မရဘူး၊ အသင်းကချည်းပဲ ပြင်လို့မရဘူး၊ ကိုယ့်လုပ်ငန်းနဲ့ နှီးနွှယ်ပြီးတော့ ကိုယ့်လုပ်ငန်းနဲ့ ဆက်စပ်တဲ့အပိုင်းတွေမှာ ကြိုတင်ပြင်ဆင်ဖို့လိုတယ်လို့ပြောပါတယ်။ လက်လီလုပ်ငန်း တွေကို ပြောင်းလဲဖို့အတွက် နည်းပညာတွေလည်းလိုအပ်ပြီး ဥပဒေပိုင်းမှာလည်း အားနည်းချက်တွေရှိတယ်လို့ သိရပါတယ်။

ကိုယ့်ဆိုင်ရဲ့ အခင်းအကျင်း၊ ဆိုင်မှာပစ္စည်း ဘယ်လိုနေရာမျိုး မှာထားသင့်တယ်၊ဘယ်လိုပုံစံမျိုးဖြစ်သင့်တယ်၊ အချို့ပစ္စည်းတွေဆို အအေးခန်းမှာထားရမှာတွေရှိတယ်၊ မျိုးစုံရှိတယ်၊ မိရိုးဖလာဆောင်ရွက်တော့ လက်လွှတ်စပယ် ဖြစ်လာတယ်၊ ဗရမ်းပတာဖြစ်လာကြတယ်၊ နောက်တစ်မျိုးကတော့ ဥပဒေတွေပေါ့၊ အခုက စားသုံးသူ ကာကွယ်ရေး ဥပဒေဆိုလဲ ထွက်ပြီးသွားပြီ၊ ဥပဒေတွေကိုလဲ သိဖို့လိုအပ်တယ်၊ နောက်အခွန်ဥပဒေ၊ အခွန်ဆောင်တဲ့နေရာမှာ နည်းစနစ်ကို မသိကြဘူး၊ အခွန်ရုံးကိုသွားတယ်၊ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နဲ့ ကျွန်တော်တို့ကတော့ ရောင်းမကောင်းဘူးပြောမယ်၊ ပြီးရင် ကိုယ့်အခွန်သက်သာဖို့အတွက် ဘလက်မန်းနီးပေးမယ်၊ အလုပ်သမား ဥပဒေကလဲရှိပြန်တယ်၊ မိရိုးဖလာဆိုင်တွေဟာ ကိုယ်နဲ့ နီးစပ်ရာနယ်ကနေ ခေါ်လိုက်တယ်၊ လက်ပွန်းတတီးရှိတဲ့ လူနဲ့ပဲသွားနေကြတာ၊ HR လိုင်းကို မကူးသွားကြသေးဘူး၊ ဒါတွေကိုပြင်ဖို့လိုတယ်လို့ လက်လီလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးက မှတ်ချက်ပြုပါတယ်။

**Source:** https://www.kumudranews.com/news-34516

## **အာဆီယံစီးပွားရေးဝန်ကြီးများ အပြန်အလှန်အသိအမှတ်ပြုရေး MRA လက်မှတ်ရေးထိုးရန်ရှိနေခြင်း**

အာဆီယံစီးပွားရေးဝန်ကြီးများအနေဖြင့် မော်တော်ကားနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများ ဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်နှင့် အလားတူးအငြင်းပွားမှုဖြေရှင်းရေး Mechanisms ဆိုင်ရာ နောက်ဆက်တွဲ သဘော တူညီချက်ဖြစ်ပေါ်တိုးတက်ရေးတို့အတွက် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးသွားရန်ရှိနေကြောင်း သိရှိရပါသည်။ ကုန်သွယ်မှုဆိုင်ရာစေ့စပ်ဆွေးနွေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Auraman Supthaweethun က ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ဇူလိုင်လ (၁၄)ရက်နေ့မှ (၁၈)ရက်နေ့အထိ ကျင်းပခဲ့သော တတိယအကြိမ် စီးပွားရေးဆိုင်ရာ အကြီးတန်းအရာရှိကြီးများ၏အစည်းအဝေး (SEOM)တွင် အရေးကြီးအချက်နှစ်ခုအား စက်တင်ဘာလ၌ ဘန်ကောက်တွင် ကျင်းပမည့် အစည်းအဝေးသို့ အဆိုပြုတင်ပြရန် သဘောတူခဲ့ကြကြောင်း၊ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် Mutual Recognition Arrangements (MRA) မှာနှစ်နိုင်ငံ (သို့မဟုတ်) အဖွဲ့ဝင်အများအပြားအနေဖြင့် အပြန်အလှန် အသိအမှတ်ပြုရေး (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်)အချို့နိုင်ငံများ၏ အသိအမှတ်ပြု လက်ခံထားသည့် စမ်းသပ်စစ်ဆေးမှု အဖြေရလဒ်များအပေါ် လက်ခံရေးတို့ပါဝင်ကြောင်း၊ MRA တွင် နည်းပညာ ကျွမ်းကျင်သူအဆင့် (သို့မဟုတ်) အစိုးရခြင်းအဆင့်တစ်ခုတို့ပါဝင်ကြောင်း၊ MRA ကို အသုံးချခြင်းဖြင့် ပို့ကုန်တင်ပို့ခြင်းမပြုမီ စစ်ဆေးခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသောကုန်ပစ္စည်းများအနေဖြင့်သွင်းကုန်တင်သွင်းသည့်ခရီးလမ်းဆုံးနိုင်ငံတွင်အလားတူအသိအမှတ်ပြု စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများမရှိစေဘဲ တိုက်ရိုက်ဝင်ရောက် တင်သွင်းခွင့်ရရှိနိုင်ခြင်းဖြစ်ပါသည်။ ဧပြီလက ဗီယန်ကျန်းတွင်ကျင်းပခဲ့သော အာဆီယံ SEOM အစည်းအဝေးတွင်လွန်ခဲ့သည့် (၇)နှစ်အတွင်း ဆွေးနွေးခဲ့ကြသည့် မော်တော်ယာဉ်ဆိုင်ရာကုန်ပစ္စည်းများနှင့်ပတ်သက်၍ အဖွဲ့ဝင် (၁၀) နိုင်ငံအကြား အပြန်အလှန် အသိအမှတ်ပြုရေး သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါသဘောတူညီချက်ကြောင့် ထုတ်လုပ်မှုစရိတ်လျှော့ချ နိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား မော်တော်ယာဉ်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းကို လွယ်ကူချောမွေ့အဆင်ပြေစေမည်ဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ MRA တွင် ဘရိတ်စနစ်များ၊ လုံခြုံရေးခါးပတ်များ၊ ထိုင်ခုံများ၊ စတီယာရင်များ၊ အမြန်နှုန်းပြမီတာများ၊ လေကာမှန်များ ပါဝင်ကြောင်း သိရှိရပါသည်။

ယခင်ကအာဆီယံနိုင်ငံများအနေဖြင့် ပြုပြင်ထားသောအစားအစာ၊ လျှပ်စစ်နှင့် အီလက်ထရောနစ် ပစ္စည်းများ အတွက်သာ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်တွင် သဘောတူခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ဒုတိယအချက်မှာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ တိုးတက်မှုအတွက် အချက်အလက်များဖြစ်ကြောင်း၊ ၎င်းမှာ ပတ်ဝန်းကျင်ရှိပြောင်းလဲမှု များနှင့် WTO ၏ အငြင်းပွားမှုဖြေရှင်းရေးမူဘောင်များနှင့် ကိုက်ညီစေရမှာဖြစ်ကြောင်း၊ အာဆီယံသည် ထိုင်းနိုင်ငံ၏

အကြီးမားဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းနှင့်အာဆီယံအပြန်အလှန်ကုန်သွယ်မှု (Two-Way Trade)မှာ အမေရိကန်ဒေါ်လာ (၁၁၄) ဘီလီယံရှိပြီး ၂၀၁၇ ခုနှစ်ကထက် (၁၃%)တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

**Source: Bangkok Post**

**စီးပွားရေးသံမှူး-ဘန်ကောက်(ထိုင်း)**

## အိန္ဒိယပဲကုမ္ပဏီများက မြန်မာ့ပဲများ အင်တိုက်အားတိုက် ဝယ်ယူမှုမရှိဟုဆို



အိန္ဒိယပဲကုမ္ပဏီများက မြန်မာ့ပဲများကို အင်တိုက်အားတိုက် ဝယ်ယူခြင်းမရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ ဇူလိုင် ၂၃ ရက်၌သိရသည်။ အိန္ဒိယကုမ္ပဏီတွေက ပဲဝယ်ယူမှု ပုံမှန်လေးတော့ရှိတယ်။ ဒါပေမဲ့ အင်နဲ့အားနဲ့ဝယ်တာမျိုးတော့ မဟုတ်ဘူး။ သူတို့ပဲဝယ်ယူမှုက လအကန့်အသတ်နဲ့ဝယ်ယူရတာ။ သူတို့နိုင်ငံကို အောက်တိုဘာလကုန် နောက်ဆုံးထားပြီးရောက်ရမှာ။ ပထမအချက် အနေနဲ့သူတို့က ကိုတာသတ်မှတ်ထားတယ်။ နောက်တစ်ချက်က ကုမ္ပဏီ ၁၀၀၀ ကျော်ကို ခွဲပေးထားတယ်။ အဲဒီတော့ ပဲဝယ်ယူမှုကပြန့်နေတယ်။ ဝယ်ပြီးတဲ့ကုမ္ပဏီကဝယ်ပြီးပြီ။ ဝယ်နေတုန်းနဲ့မဝယ်ရသေးတဲ့ကုမ္ပဏီတွေလည်း မဝယ်ရသေးတာမျိုးဖြစ်နေတယ်။ ပဲစင်းငုံဝယ်လိုက်၊ မတ်ပဲဝယ်လိုက်နဲ့ အင်တိုက်အားတိုက်ဝယ်တာမျိုးတော့မဟုတ်ဘူး။ ဝယ်ယူမှုဘယ်လောက်ရှိပြီလဲဆိုတာတော့ ခန့်မှန်းတွက်ချက်လို့ မရသေးပါဘူးဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောဆိုသည်။

မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်ရရှိရန်အိန္ဒိယ အစိုးရသို့လျှောက်လွှာတင်ထားသည့် အိန္ဒိယပဲကုမ္ပဏီ ၆၀၀၀ ခန့်အနက် တရားဝင်ခွင့်ပြုချက်ရရှိခဲ့သည့် ကုမ္ပဏီ ၁၁၀၀ ကျော်အနက်အချို့မှာ မြန်မာ့ပဲအား စတင်ဝယ်ယူနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေနိုင်သေးကြောင်း၊ ထို့ကြောင့်အိန္ဒိယကုမ္ပဏီများကို အဓိကထား တင်သွင်းခွင့်ပြုခြင်းဖြစ်ကာ မြန်မာနိုင်ငံမှပဲတင်သွင်းခွင့်တင်ထားသည့် အိန္ဒိယပဲကုမ္ပဏီ ၆၀၀၀ ခန့်အားစိစစ်ပြီး ကုမ္ပဏီ ၁၁၀၀ ကျော်ကိုခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ အိန္ဒိယနိုင်ငံအစိုးရက လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ကာ ပြည်ပမှပဲတင်သွင်း ခွင့်ကန့်သတ်ခဲ့ရာ မြန်မာ ပဲတောင်သူများနှင့် ပဲကုန်သည်များအခက်တွေ့ခဲ့ရပြီး လက်ရှိတွင်နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ချက်အရ မြန်မာ့ပဲတန်ချိန်လေးသိန်းခွဲကို အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/126079.html




## သကြားဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရချင်းချိတ်ဆက်သည့်စနစ်ထက် စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်သည့်စနစ်ကို အသုံးပြုရန်လိုအပ်

သကြားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရချင်း ချိတ်ဆက်သည့်စနစ်ထက် စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်သည့်စနစ်ကို အသုံးပြုရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။ သကြားမှာက G to G ထက် B to B က

ပိုအရေးကြီးပါတယ်၊ သကြားကိုတင်သွင်းချင်ရင် တစ်ဖက်နိုင်ငံက ဝယ်မဲ့သူနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်ဖို့ ပထမလိုတယ်၊ သကြားအသင်းအနေနဲ့ ဒါကို ကိုယ်တိုင်ကြိုးစားဖို့လိုပါတယ်ဟု ဦးမျိုးသူကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဇူလိုင်လ ၂၅ ရက်က မန္တလေးမြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်ထိ တရားဝင် Re Export တင်ပို့မှု ရပ်တန့်ထားသော်လည်း နယ်စပ်ဒေသများ၌ တရားမဝင်တင်ပို့မှုများရှိနေခြင်းသည်လဲ သကြားဈေးကွက်ပျက်စေသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲ ရလဒ်အရသိရသည်။ ထို့ကြောင့် သကြားအသင်းအဖွဲ့များ၊ ကုန်သည်များအနေဖြင့် အခြားနိုင်ငံမှ ကုန်သည်များနှင့် တိုက်ရိုက်ကုန်သွယ်နိုင်ရန် ကြိုးစားဆောင်ရွက်သင့်ပြီး သကြားတင်ပို့မှုအပြင် သကြားနှင့်ဆက်စပ်သည့် ပစ္စည်းများ တင်ပို့နိုင်ရန်အတွက်လဲ ကြိုးစားသင့်ကြောင်းဆွေးနွေးကြသည်။

စီးပွားရေးသီအိုရီမှာက ထွက်ကုန်တစ်ရပ်ဖြစ်လာဖို့ တော်တော်ခဲယဉ်းတယ်၊ အဲ့ဖြစ်လာတဲ့ ထွက်ကုန်ကို ဘယ်လိုလုပ်ကြမလဲဆို ဂိုင်းပြီးအဖြေရှာတာအကောင်းဆုံးပဲ၊ လျှော့စိုက်ဆိုတဲ့ အဖြေရှာနည်းဟာ နောက်ဆုံး မတက်သာတဲ့အဆုံးမှာမှ မာန်လျှော့ရမဲ့အပိုင်းဖြစ်ပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မောင်းက ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိသည့်အချိန်၌ ကြံကိုလျှော့စိုက်ရန် အကြံပြုချက်နှင့်ပတ်သက်၍ ယခုလိုပြောသည်။ ထွက်ကုန်တစ်ရပ်ဖြစ်မှသာလျှင် ကူးသန်းရောင်းဝယ်မှုဖြစ်ပြီး မိမိနိုင်ငံတွင်း ပိုလျှံမှသာ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ပြည်ပကူးသန်းရောင်းဝယ်ရေးမှ စီးပွားဖြစ်မည်ဖြစ်သဖြင့် ထွက်ကုန်သည် အရေးကြီးသည့်ကဏ္ဍ၌ပါရှိကြောင်း ၎င်းက အကြံပြုသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံကြီး ကြီးပွားဖို့၊ တိုးတက်ဖို့၊ စီးပွားဖြစ်ဖို့ဆိုရင် ကျွန်တော်တို့ဆီက ထွက်သမျှ ထွက်ကုန်တွေဟာ ကိုယ့်ဂင်းထဲ ကိုယ့်ခြံထဲကိုယ့်နိုင်ငံအဝန်းအဝိုင်းထဲတင်စားရုံနဲ့ မလုံလောက်တော့ဘူး၊ ဒါကြောင့် ကုန်ကြမ်းအဆင့်ပို့ရာကနေ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောအဆင့် ဘယ်လိုပို့မလဲဆိုတာ ဆောင်ရွက်ဖို့လိုတယ်ဟု ဦးအောင်မောင်းက ဆက်လက်ပြောသည်။

ပြည်တွင်းသကြားထုတ်လုပ်မှုမှာ ယခုနှစ်၌ တန်ချိန်လေးသိန်းခွဲမှ ငါးသိန်းဝန်းကျင်ရှိပြီး စံချိန်တင်ထွက်ရှိခဲ့သည်။ သကြား Re Export တင်ပို့မှုအား ၂၀၁၅ စကတင်ဘာလတွင် ခွင့်ပြုပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် လိုင်စင်ရပ် ဆိုင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ၂၀၁၈ ခုနှစ်တွင် ထိုင်းမှ မြန်မာသို့ ပို့ကုန်အရေအတွက် ၇ ဒသမ ၃၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး မြန်မာမှ ထိုင်းသို့တင်သွင်းသည့်သွင်းကုန်မှာ ၂၁ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်းဖော်ပြ




၂၀၁၈ ခုနှစ်တွင်း ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ဒေါ်လာ ၇ ဒသမ ၆၄ ဘီလျံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ရရှိမှုထက် ၁၂ ဒသမ ၅၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းမှ မြန်မာနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်အရေအတွက်သည် ၇ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး မြန်မာမှ ထိုင်းသို့တင်သွင်းသည့် သွင်းကုန်မှာလည်း ၂၁ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားကြောင်း ဇူလိုင် ၂၅

ရက်က ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၌ကျင်းပသည့် Myanmar Insight Seminar 2019 ဆိုင်ရာ သတင်းစာရှင်းလင်းပွဲမှ သိရသည်။ ထိုင်းနိုင်ငံ၏ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်များတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးသည် ယခုနှစ် ပထမခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ ဘီလျံအထိ တိုးတက်ရောက်ရှိခဲ့ကာ ပြီးခဲ့သည့်နှစ် ပထမခြောက်လအတွင်းရရှိသည့် အမေရိကန်ဒေါ်လာ ၂၁ သန်းကိုကျော်ပြီး သာလွန်ရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးမှာလည်း ၂၀၁၉ ခုနှစ် မေလအထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂၈ ဘီလျံကျော်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ် လာ ၇ ဒသမ ၆၄ ဘီလျံအထိ မှတ်တမ်းတင်ရောက်ရှိခဲ့ပြီး ယခင်နှစ်ရရှိမှုထက် ၁၂ ဒသမ ၅၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းမှ မြန်မာနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်အရေအတွက်သည် ၇ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလျံရှိကာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းသည့် သွင်းကုန်မှာလည်း ၂၁ ဒသမ ၆ ရာခိုင်နှုန်း ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလျံသို့ မြင့်တက်ခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်ရည်ရွယ်ပြီး ရန်ကုန်မြို့ရှိ ထိုင်းသံရုံးနှင့်မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) တို့ပူးပေါင်းကာ လာမည့်သြဂုတ် ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Central World ရှိ စင်ထရယ်ဟိုတယ်တွင် လေးကြိမ်မြောက် Myanmar Insight Seminar 2019 ကို စီစဉ်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို လာရောက်တိုးချဲ့လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံလိုသော ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို တိကျသေချာသော သက်ဆိုင်ရာ သတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမူဝါဒရေးဆွဲသူများမှလည်း မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အချက်အလက်အသစ်များကို ဝေမျှပေးနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးနိုင်မည့် ပလက်ဖောင်းတစ်ခု ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန်ပြင်ဆင်နေသည့် ထိုင်းရင်းနှီးမြှုပ်နှံသူအသစ်များမှာ ကောင်းစွာပြင်ဆင်ခွင့်ရရှိသွားမည်ဖြစ်ကြောင်းသိရသည်။ ထိုင်း-မြန်မာ သဘာဝကျကျမဟာ ဗျူဟာမိတ်ဖက်ဆောင်ရွက်ရေးကို မြှင့်တင်နိုင်ရန်ရည်ရွယ်ပြီး ရန်ကုန်မြို့မှာရှိတဲ့ ထိုင်းသံရုံးနဲ့မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွေ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ထိုင်းနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကိုသိရှိနိုင်ဖို့ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်ဟု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ် H.E.Mrs.Suphatra Srimaitreephithak က ပြောကြားသည်။

**Source:** https://news-eleven.com/article/124628

## ကျွဲကောသီးဇုန်ဖော်ဆောင်ရန် မြေဧက ၃၀၀ တောင်းခံထား

ကရင်ပြည်နယ်တွင် ကျွဲကောသီးစိုက်ပျိုးရေးဇုန် ဖော်ဆောင်ရန် အတွက် မြေဧက ၃၀၀ ကို ပြည်နယ်အစိုးရထံ တင်ပြတောင်းဆို ထားကြောင်း ဇူလိုင် ၂၂ ရက်က မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန် နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောဆိုသည်။



ပြည်ပက ကျွဲကောကို အလုံးအရင်းနဲ့ဝယ်ချင်တယ်။ ဒါပေမဲ့ ဦးတို့ဆီကထွက်တဲ့ ကျွဲကောသီးအရေအတွက်က ပို့နိုင်တဲ့ပမာဏမရှိဘူး။ အဲ့ဒါကြောင့် ပြည်ပတင်ပို့နိုင်တဲ့ ပမာဏရဖို့အတွက် ဇုန်ကြီးတွေလုပ်ပြီးတော့မှ အလုံးအရင်းနဲ့ထုတ်ပြီးတော့ ဈေးကွက်ကိုသွားမှ ရမယ်။ အဲ့ဒါကြောင့် ဦးတို့က မွန်ပြည်နယ်အစိုးရနဲ့ သွားပြောတယ်။ ကရင်ပြည်နယ် အစိုးရအဖွဲ့နဲ့လည်းညှိနှိုင်းတယ်။ ဒါပေမဲ့ မြေကတော့သိတဲ့အတိုင်း အခက်အခဲတွေ အများကြီးရှိတယ်ဟု ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောဆိုသည်။ ကျွဲကောသီးစိုက်ပျိုးရေးဇုန် အကောင်အထည်ဖော်ဆောင်ရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းဆိုထားသော်လည်း မြေယာအခက်အခဲများကြောင့် မြေနေရာပေးနိုင်ခြင်း မရှိသေးကြောင်းသိရသည်။

ကျွဲကောသီးဇုန်ဖော်ဆောင်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၇ ခုနှစ်က မြေနေရာ တောင်းဆိုခဲ့ခြင်း ဖြစ်သော်လည်း သက်ဆိုင် ရာပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုပေးနိုင်ခြင်းမရှိသဖြင့် ပြည်နယ်အစိုးရ အဖွဲ့မှ မြေ နေရာအတွက် ထပ်မံတင်ပြရန် အသိပေးခြင်းကြောင့် ဖွန်လက ဒုတိယအကြိမ်တင်ပြထားကြောင်းသိရသည်။ ကျွဲကောကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းသော်လည်း ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126070.html

## E-Commerce ပွဲတော် ဆက်လက်ရောင်းအားကောင်းနေ အာရှအလယ်ပိုင်းချယ်ရီသီး တရုတ်နိုင်ငံဈေးကွက်တွင် လူကြိုက်များ

လက်ရှိ E-Commerce လုပ်ငန်းများ၏ နှစ်လယ်ရောင်းအားမြင့်တင်မှုကို စည်ကားသိုက်မြိုက်စွာပြုလုပ်လျက်ရှိပါသည်။ အာရှအလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံများ အဓိကရောင်းချသည့်ချယ်ရီသီးမှာ နာမည်ကျော်အသီးအနက်တစ်ခုဖြစ်နေပြီး



တရုတ်နိုင်ငံစားသုံးသူများ၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့ပါသည်။ ယခုကာလအတွင်း လေကြောင်းကုမ္ပဏီ၏ ကိန်းဂဏန်းတွက်ချက်မှု ဖော်ပြချက်များအရ အာရှအလယ်ပိုင်းနှင့် အနောက်ပိုင်းချယ်ရီသီးမှာ ကာလတူထက် ၁၅% မြင့်တက်လျက်ရှိကြောင်းသိရပါသည်။ ဖွန်လ ၁၂ ရက်နေ့အထိ ဖွန်လအစောပိုင်း China Southern Airlines ရှင်းကျန်း ကုန်စည်သယ်ယူပို့ဆောင်ဌာနမှ အာရှအလယ်ပိုင်းနှင့် အနောက်ပိုင်းမှ ချယ်ရီသီး တန်ချိန်(၆၀) ကျော် တင်သွင်းနိုင်ရန် အာမခံပေးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၅% မြင့်တက်ခဲ့ပါသည်။ သစ်သီးသယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် China Southern Airlines ရှင်းကျန်း ကုန်စည်သယ်ယူပို့ဆောင်ဌာနမှ လေယာဉ်ခန်းနေရာကြိုတင်ချန်ထားခြင်း၊ လျင်မြန်စွာလက်ခံပို့ဆောင်၊ အပူချိန်ထိန်းသိမ်းသိုလှောင်၊ ဦးစားပေးတပ်ဆင်စစ်ဆေးခြင်းစသည့် ပုံစံများကို ကျင့်သုံးသွားမည်ဖြစ်သည်။ ထိုမှသာလျှင် တရုတ်နိုင်ငံစားသုံးသူများအား ပထမဆုံးအချိန်မှာပင် လတ်ဆတ်သောချယ်ရီသီးများကို စားသုံးစေနိုင်မည်ဖြစ်သည်ဟု China Southern Airlines ရှင်းကျန်းကုမ္ပဏီခွဲ ကုန်စည်သယ်ယူပို့ဆောင်ဌာနမှ သိရပါသည်။ ယခုနှစ် ရှင်းကျန်းမှတင်သွင်းသော ချယ်ရီသီးများမှာ အဓိကအားဖြင့် တာဂျီကစ္စတန်နိုင်ငံ ဒူရှမ်ဘီမြို့၊ ဥဇဘက်ကစ္စတန်နိုင်ငံ တပ်ရှကင့်မြို့၊ ကာဂျစ်စတန်နိုင်ငံ ဘီရှ်ကက်မြို့တို့မှ ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ကာလမှာ မေလမှဖွန်လအထိဖြစ်ပြီး ရောင်းအားကောင်းသောကာလတွင်

တစ်ပတ်လျှင် သယ်ယူပို့ဆောင်မှုစုစုပေါင်းတန်ချိန်မှာ (၂၂) တန်ဖြစ်ကြောင်းသိရပါသည်။ ယခင်က တာဂျီကစ္စတန်နိုင်ငံ ချယ်ရီသီး၏ အဓိကတင်ပို့နိုင်ငံမှာရုရှားဖြစ်ပြီး ယခုနှစ်ပိုင်း ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု အဆိုပြုချက် အဆက်မပြတ် မြင့်တင်လာသည်နှင့်အမျှ တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်း၊ အနောက်ပိုင်းတင်သွင်းတင်ပို့မှုကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ခြင်းကို တွန်းအားပေးမြှင့်တင်ပေးနိုင်ခဲ့ပါသည်။ နယ်စပ်ဖြတ်ကျော်ဈေးဝယ်ခြင်း၊ အွန်လိုင်းဈေးဝယ်ခြင်းစသည့် အင်တာနက်ကုန်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တရုတ်နိုင်ငံသည် အာရှအလယ်ပိုင်းနှင့် အနောက်ပိုင်း လယ်ယာသစ်သီးထွက်ကုန်၏ အဓိကစားသုံးဈေးကွက်ဖြစ်လာကြောင်း သိရပါသည်။

**Source:** www.chinanews.com

https://www.facebook.com/shweliayarnews/

## ပြည်ပကဝင်နေသည့်ဆီများကြောင့် ပြည်တွင်းဆီစက်များ ရပ်နားရမည့်အခြေအနေဖြင့်ရင်ဆိုင်နေရ

ပြည်ပနိုင်ငံများက စားသုံးဆီမျိုးစုံတင်သွင်းနေပြီး ဈေးနှုန်းမှာလည်း ပြည်တွင်းဈေးနှုန်းထက် သိသိသာသာ လျော့နည်းနေသဖြင့် ဆီစက်များမှာ ဈေးကွက်မရှိသည့်အခြေအနေကြောင့် လုံးဝရပ်နားရတော့မည်ဖြစ်ကြောင်း မန္တလေးခရိုင်၊ ဆီစက်ပိုင်ရှင်များအသင်းကသိရသည်။ ပြည်ပက လက်မှတ်ပေါင်းစုံရထားတဲ့ နေကြာဆီ၊ ပဲပုပ်ဆီတွေက တစ်ပိဿာကို ကျပ် ၃၀၀၀ ဝန်းကျင်လောက်နဲ့ ရောင်းချနေတယ်။ ကျွန်တော်တို့ ပြည်တွင်းကထုတ်လုပ်တဲ့ ပဲဆီတွေက တစ်ပိဿာကို ကျပ် ၈၅၀၀ လောက်ရှိနေတော့ ကွာဟမှုက တအားကြီးများသွားတယ်။ စားသုံးသူတွေကလည်း အဲဒါတွေကိုပဲ စားကြတယ်။ ဒ့ါပြင်စားသုံးဆီကလည်းတစ်ပိဿာကို ကျပ် ၁၅၀၀ ပဲရှိတယ်ဟု အဆိုပါအသင်းအတွင်းရေးမှူး ဦးသန်းလွင်ကပြောသည်။

လက်ရှိတွင် ပဲပုပ်မှစားသုံးဆီထုတ်လုပ်ရန် ပြည်တွင်းလုပ်ငန်းရှင်ကြီးတစ်ဦးက နိုင်ငံတော်ထံသို့ ပရောဂျက်တစ်ခုတင်ထားကြောင်း၊ အဆိုပါပရောဂျက်ကို နိုင်ငံတော်က ခွင့်ပြုချက်ချပေးလိုက်လျှင် ပြည်တွင်းက အသေးစား၊ အလတ်စားဆီစက်များ လုံးဝရှိတော့မည်မဟုတ်ကြောင်း ဆက်လက်ပြောသည်။ ကျွန်တော်တို့ မန္တလေးမှာဆီစက်တွေ ဂါးတားတားလည်နေတာက ၁၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ကျန်တာတွေကတော့ လုံးဝရပ်နားထားရပါပြီ။ ဒီအခြေအနေကို စိုက်ပျိုးရေးဝန်ကြီးဌာနကနေ တောင်သူတွေနဲ့ ကုန်သည်တွေအတွက် စဉ်းစားပေးရင်တော့ တစ်မျိုးပေ့ါ။ စဉ်းစားမပေးရင်တော့လုံးဝပျောက်ကွယ်မယ့် အခြေအနေမှာရှိတယ်။ မြန်မာနိုင်ငံမှာဖြစ်ခဲ့တာတွေကြည့်ရင် သိနိုင်ပါတယ်။ ပထမက ဂျုံစက်၊ ဒုတိယသကြားစက် အသေးစား၊ အလတ်စားတွေ လုံးဝရပ်နားခဲ့ရပြီဖြစ်တယ်ဟု ဦးသန်းလွင်က ပြောသည်။ ယခုကဲ့သို့ အခြေအနေများဖြစ်ပေါ်လာရခြင်းမှာ ပြည်တွင်းအခြေအနေကို ကြည့်ရှုခြင်းမရှိဘဲ ပြည်ပက လိုအပ်သည့် ပမာဏထက်ပိုမိုတင်သွင်းနေခြင်း၊ ဈေးကွက်ပိုင်းဆိုင်ရာထိန်းချုပ်မှုမရှိသဖြင့် ကြိုတင်ခန့်မှန်းလုပ်ဆောင်နိုင်မှု မရှိခြင်းနှင့် ပြည်တွင်း အသေးစား၊အလတ်စား လုပ်ငန်းများအတွက် ထိရောက်သော အကူအညီများပေးအပ်ခြင်း မရှိခြင်း တို့ကြောင့်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ကရေရာမှုမရှိဘူး။ တောင်သူတွေကလည်း သေတော့မှာ၊ တရုတ်တွေက စက်တွေလိမ်ရောင်းတာတစ်မျိုး၊ ဓာတ်မြေသြဇာတွေကလည်း ထက်ထက်မိုးဦး ဆီးပေါင်းထုပ်ကြော်ငြာသလို ကြော်ငြာနေကြတယ်။ အခုစိုက်ပျိုးရေးဝန်ကြီးနဲ့ စီးပွားကူးသန်းဝန်ကြီးနှစ်ပါးက ကျွန်တော်တို့လုပ်ငန်းရှင်တွေကို မကာကွယ်ရင် လုပ်ငန်းရှင်လည်းသေမှာပဲ။ တောင်သူလည်းသေမှာပဲ။ အဲဒီလိုပြောလို့အဖမ်းခံရလည်း မတတ်နိုင်ဘူးဟု ဦးသန်းလွင်ကပြောသည်။

မန္တလေးခရိုင်အတွင်း ဆီစက်လုပ်ငန်းပေါင်း ၃၀၀ ကျော်ခန့်ရှိခဲ့ပြီး ယခုအခါဆီစက် ၄၀ ကျော်ခန့်သာ အနည်းငယ် လည်ပတ်နေပြီး ကျန်ဆီစက်များသာ အမည်ခံသာရှိတော့ကြောင်းသိရသည်။ စားသုံးဆီဈေးကွက်တွင် ဆီအတုထုတ်လုပ်မှုများကိုတားမြစ်ရန် နိုင်ငံတော်ဒုသမ္မတဦးဟင်နရီဗန်ထီးယူက ညွှန်ကြားချက်တစ်ရပ်ရှိပြီး ဖြစ်သော်လည်း တရားဝင်စာထွက်လာခြင်းမရှိသဖြင့် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်လည်း ခက်ခဲမှုများရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## လျှော်ဖြူစေးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တရုတ်နိုင်ငံဈေးကွက်သို့ သွားရောက်ပြသသွားမည်

လျှော်ဖြူစေးကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် တရုတ်နိုင်ငံ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် တရုတ်နိုင်ငံတွင် ပြုလုပ်မည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ သွားရောက်ပြသ သွားမည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်းမှာ လျှော်ဖြူစိုက်ပျိုးမှုများလာတယ်။ ဒါပေမယ့်ကုန်ကြမ်းအဖြစ်နဲ့သာ တင်ပို့မှုရှိကြတယ်။ ကုန်ချောထုတ်လုပ်ပြီး ရောင်းချရင်

ဒီထက်ပိုပြီး အကျိုးရှိမှာဖြစ်တဲ့အတွက် လျှော်ဖြူစေ့ကို တန်းဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နေပါတယ်။ ပြည်တွင်းမှာလည်း ရောင်းချရာမှာ လက်ခံအားပေးတဲ့အတွက် တရုတ်နိုင်ငံပြပွဲမှာ သွားရောက်ပြသသွားမှာဖြစ်ပါတယ်ဟု လျှော်ဖြူတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် ဒေင်စံမှ ဒေါက်တာကျော်သက်ခိုင်ကပြောသည်။ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် လျှော်ဖြူစေး၊ သကြားတို့ကိုအမှုန့်အဖြစ်ပြုလုပ်ကာ သောက်သုံးနိုင်အောင်ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းကို တရုတ်နိုင်ငံပြပွဲသို့ သွားရောက်ဈေးကွက်ထိုးဖောက်မှု စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့လျှော်ဖြူများအား ပြည်တွင်း၊ ပြည်ပ အသုံးပြုမှုများပြားလာခြင်းကြောင့် စိုက်ပျိုးသူများနှင့်ရောင်းချသူများပါ အဆင်ပြေလာကြောင်း မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းထံမှသိရသည်။ လျှော်ဖြူဈေးကွက်က ပိုမိုခိုင်မာလာတယ်။ ပြည်တွင်းစားသုံးမှုကလည်း များလာသလို ပြည်ပတင်ပို့မှုကလည်း ရှိလာတာကြောင့်ပါ။ ထုတ်ကုန်တွေဖြစ်တဲ့ လျှော်ဖြူအမှုန့်အပါအဝင် အခြားသောထုတ်ကုန်တွေကိုလည်း ပြည်တွင်းမှာထုတ်လုပ်လာကြတဲ့ အတွက်ပါ။ ဈေးနှုန်းကလည်း မနှစ်ကထက်စာရင် ပိုရလာတယ်ဟု အဆိုပါအသင်း၊ ပြန်ကြားရေးတာဝန်ခံ ဦးကျော်မျိုးထွန်းကပြောသည်။ လျှော်ဖြူကို ကုန်ချောအဖြစ် အမှုန့်ထုတ်လုပ်ခြင်း၊ ဖျော်ရည်ထုတ်လုပ်ခြင်း၊ ကိုယ်လိမ်းခရင်မ်၊ ငှက်သိုက်ဖျော်ရည် စသည်တို့အပြင် အခြားသောထုတ်ကုန်များကို ထုတ်လုပ်နိုင်ကြောင်းသိရသည်။ လျှော်ဖြူစေးသည် ကျန်းမာရေးအတွက် ဓာတ်စာအဖြစ်အသုံးပြုနိုင်သည့်အပြင် တရုတ်ဈေးကွက်အတွင်း ငှက်သိုက်အစားထိုးအဖြစ် အသုံးပြုလျက်ရှိကြောင်း၊ ဆီးနှင့်ကျောက်ကပ်ဝေဒနာရှင်များနှင့် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် သောက်သုံးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ ထို့အတွက် ယခုထုတ်လုပ်ရောင်းချမည့် လျှော်ဖြူစေးအမှုန့်မှာ ပြည်ပဈေးကွက်တစ်ခုအဖြစ် ရရှိလာနိုင်ရန်မျှော်လင့်ထားကြောင်းသိရသည်။

တန်ဖိုးမြှင့်လျှော်ဖြူထုတ်ကုန် တင်ပို့မှုပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်လာစေရန်အတွက် အသင်းအနေဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကုန်ပစ္စည်းနမူနာတင်ပို့ခြင်းများ၊ လျှော်ဖြူစေးဝယ်ယူမည့်နိုင်ငံများနှင့် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခြင်းများ၊ မြန်မာနိုင်ငံက လျှော်ဖြူများကို အဓိကဝယ်ယူနေသော တရုတ်နိုင်ငံနှင့်လည်း ရေရှည်လုပ်ဆောင်သွားရန် ညှိနှိုင်းမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်အတွင်း အရည်အသွေးအလိုက် လျှော်ဖြူတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀မှ ၃၉၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## စားသုံးမှုများပြီး ဈေးကွက်ဝယ်လိုအားကောင်းသည့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် တောင်သူများပြင်ဆင်လာ

ပြည်ပတင်ပို့သည့်စပါးမျိုးများ ဝယ်လိုအားနှင့်ဈေးနှုန်းကျဆင်းလာသဖြင့် ပြည်တွင်းစားသုံးမှုများပြီး ဈေးကွက်ဝယ်လိုအားကောင်းသည့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် တောင်သူများပြင်ဆင်လာကြောင်း စပါးစိုက်တောင်သူများထံမှသိရသည်။ ပြည်ပတင်ပို့သည့် ဆန်ကြမ်းစပါးမျိုးများဖြစ်သည့် ရက်(၉၀) မျိုး၊ ထိုင်းနှာကောက်မျိုးများမှာ ဝယ်လက်ရှားပါးလာပြီး စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀ ဝန်းကျင်သာရှိသဖြင့် တောင်သူများ တွက်ခြေမကိုက် အရှုံးပေါ်နေကြောင်း၊ ထို့ကြောင့်ပြည်တွင်း ဝယ်လိုအားကောင်းပြီး ဈေးကောင်းရသည့် ရောမင်း၊ ဧည်သည်ကြား မျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်းနှင့် အခြားဈေးကွက်ဈေးကောင်းရသည့်နှမ်းကို ပြောင်းလဲစိုက်ပျိုးရန်ပြင်ဆင်နေကြောင်း မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်မှ စပါးစိုက်တောင်သူ ဦးမြင့်လွင်က မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။ နွေစပါးကတော့ အခုချိန်မှာတော့ ရိတ်သိမ်းဆဲပါပဲ။ စပါးဝယ်မယ့်သူ လိုက်ရှာနေရတယ်။ အရင်နှစ်တွေကဆိုရင် ဒီအချိန် စက်ကကျကျချင်း တစ်ခါတည်း လာဝယ်တယ်။ အခုနွေစပါးက အမြင့်ဆုံးမှရွှေသွယ်ရင်ဆိုရင် ကျပ် ၄၈၀၀၀၀ ဈေးပဲရှိတယ်။ မနှစ်က ဒီအချိန်စပါးတင်း ၁၀၀ ကို ကျပ် ၆၈၀၀၀၀-၇၀၀၀၀၀ ဈေးရောင်းရတယ်။ ဝယ်သူလည်းပေါတယ်။ ဒီနှစ်က စပါးဈေးက မနှစ်ကထက် ကျပ် ၂၀၀၀၀၀လောက် ကျသွားတယ်။ တောင်သူတွေ အရှုံးနဲ့ပဲရင်ဆိုင်နေရတယ်။ တောင်သူအလုပ်ပဲ လုပ်တတ်တော့ စိုက်ပျိုးမှုပုံစံတွေ ပြောင်းစိုက်ရတော့မယ်။ ရောမင်း၊ ရွှေဘိုဧည်သည်ကြား စပါးမျိုးတွေပြည်တွင်း စားသုံးတာ များတာကို ပြောင်းစိုက်တော့မယ်။

နိုင်ငံခြား ရောင်းတဲ့စပါးကသာ ဈေးမရတာ၊ ဝယ်စားရတဲ့ ဆန်က ဈေးကောင်းတယ်။ ရောမင်းတစ်ပြည်ကို ကျပ် ၂၂၀၀ အောက်မဆင်းဘူး။ ရွှေဘိုဧည်သည်ကြားကလည်း ဈေးကောင်းတယ်။ တစ်ဝက်လောက်ကို စပါးကြမ်းစိုက်ပြီး ကျန်တာကို ပြည်တွင်းစားတာများတဲ့ စပါးမျိုးတွေ ခွဲစိုက်ရတော့မယ်ဟု ၎င်းကပြောသည်။ နှစ်စဉ်မိုးရွာသွန်းရက်နည်းပါးလာခြင်းကြောင့် ဆည်တော်ကြီးဆည်၏ ရေပေးဝေမှုမှာ နည်းပါးလာပြီး ရေသုံးစွဲမှုနည်းသည့် ပဲတီစိမ်း၊ နှမ်းသီးနှံများကို လက်ရှိစိုက်ပျိုးဧက တစ်ဝက်ခန့် ပြောင်းလဲစိုက်ပျိုးရန် မတ္တရာမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ ပြင်ဆင်လာကြခြင်း

ဖြစ်ကြောင်း သိရသည်။ လက်ရှိမှာတော့ နှမ်းစပါးအရိတ်၊ မိုးစပါးပျိုးထောင်နေပါပြီ။ နွေစပါးက ဒီနှစ်တင်း တစ်ရာကျော်တော့ထွက်ကြပါတယ်။ အထွက်နည်းနည်းလျော့တယ်။ ဆည်ရေသောက်ဆိုပေမယ့် မိုးရေမရလိုက်တော့ ၁ဂ တင်းလောက်တော့ လျော့ကျသွားတယ်။ စပါးဈေးက မကောင်းတော့ တွက်ခြေမကိုက်ဘူး။ တရုတ်ဂယ်တဲ့ ရက်(၉ဂ)၊ နှာကောက် စပါးတွေကတော့ ဈေးမကောင်းဘူး။ တင်း ၁ဂဂ မှ ကျပ် ၄၅ဂဂဂဂ ပဲ ရှိတယ်။ ရွှေသွယ်ရင်စပါးကတော့ ဈေးကောင်းလာတယ်။ လက်ရှိ ကျပ် ၄၉ဂဂဂဂ ထိ ဈေးတက်လာတယ်။ ရိတ်ခြွေအစိုအတိုင်း ဝယ်ယူမှုရှိပါတယ်။ စိုက်စရိတ်က တစ်ဧက ကျပ် ၃၅ဂဂဂဂ ထိ ကုန်ကျမှုရှိတော့ တင်းတစ်ရာကျော်မှ တစ်သိန်းလောက် ကျန်တာမို့ အရှုံးကြီး မဟုတ်ပေမယ့် အမြတ်နည်းတယ်။

ပြည်တွင်းစားတဲ့ ရွှေသွယ်ရင်ကတော့ ဈေးနည်းနည်းပိုလို့ အဆင်ပြေတယ်ဟု ပုသိမ်ကြီးမြို့နယ်မှ စပါးစိုက်တောင်သူ ဦးလေးချစ်ကပြောသည်။ သို့ဖြစ်၍ စပါးစိုက်တောင်သူများသည် အထွက်ကောင်းသည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ ပြည်တွင်းစားသုံးမှုများသည့် စပါးမျိုးများစိုက်ပျိုးခြင်းနှင့် အခြားဈေးကွက်ဝယ်လိုအားကောင်းကာ စိုက်ပျိုးရေးနှင့် စိုက်ပျိုးစရိတ်နည်းပါးသည့် ဈေးကွက်ဝင်သီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်းနှင့် နွေစပါးကိုလာမည့်ရာသီတွင် ပြောင်းလဲ စိုက်ပျိုးရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း တောင်သူများထံမှသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

www.thefarmermedia.com

## ဂျပန်နိုင်ငံသို့ မျှစ်ခြောက် ပိသဘာချိန်နှစ်သိန်း တင်ပို့နိုင်ရန် လုပ်ဆောင်လျက်ရှိ

မြန်မာနိုင်ငံအတွင်းရှိ ဝါးစိုက်ပျိုးတောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန် ဂျပန်နိုင်ငံသို့ မျှစ်ခြောက် ပိသဘာချိန်နှစ်သိန်းတင်ပို့နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းကသိရသည်။ ပြည်တွင်းက ထွက်ရှိတဲ့ မျှစ် တွေကို မျှစ်ခြောက်ပြုလုပ်ပြီး ဂျပန်နိုင်ငံကို အခုနှစ်မှာ ပိသဘာချိန်နှစ်သိန်း တင်ပို့ဖို့အတွက် လျာထား လုပ်ဆောင်လျက်ရှိတယ်။ ဂျပန်နိုင်ငံကို တင်ပို့နေတာ လေးနှစ်လောက်ရှိပြီး နှစ်စဉ်တိုးတိုးပြီး တင်ပို့မှုတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်ဟု အဆိုပါအသင်းဥက္ကဋ္ဌဦးကျော်ဝင်းကပြောသည်။ ပြည်ပတင်ပို့ရန် မျှစ်စိုက်ပျိုးသူများနှင့် မျှစ်ချိုးသူများကို ထုတ်လုပ်ပုံအဆင့်ဆင့်ဖြစ်သည့် မျှစ်ချိုးခြင်း၊ မျှစ်ပြုတ်ခြင်း၊ မျှစ်ခြောက်ပြုလုပ်ခြင်းတို့ကို ဂျပန်နိုင်ငံက ပညာရှင်များခေါ်ယူကာ သင်တန်းများပေးခြင်း၊ ထုတ်လုပ်ရာဒေသများအထိ လိုက်လံသင်ကြားပြသပေးခြင်းများကို လုပ်ဆောင်ပြီး ဂျပန်သို့တင်ပို့ရန် စီစဉ်နေခြင်းဖြစ်သည်။ မျှစ်ကို ပြည်ပတင်ပို့မှုလုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒေသတစ်ခုတည်းကနေပြီး စုပြုံမဝယ်ပါဘူး။ အဲဒီလိုစုပြုံဝယ်ရင် ဝါးမျိုးတုံးသွားမှာကိုလည်း မလိုလားပါဘူး။ ကျွန်တော်တို့ အသင်းအနေနဲ့ ဝါးစိုက်ပျိုးမှုကို ပိုမိုတိုးတက်လာစေချင်တာပါ။ တိုးတက်ဖို့ဆိုတာကဈေးကွက်ရရှိပြီး တောင်သူတွေ အဆင်ပြေမှုဖြစ်တဲ့အတွက် အခုလိုဈေးကွက်တွေကို ရှာဖွေချိတ်ဆက်လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ထပ်မံပြီးတော့ နည်းပညာအသစ်တွေနဲ့ ထုတ်ကုန်အသစ်တွေကို တင်ပို့ဖို့လုပ်နေပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။

ပြည်ပဈေးကွက်အဖြစ် ဂျပန်နိုင်ငံ တစ်နိုင်ငံတည်းသာရှိသေးသော်လည်း ဝယ်လိုအားကောင်းမွန်ကြောင်း၊ ဆက်လက်၍ အခြားနိုင်ငံများကို တင်ပို့လျှင် ယခုထက်ပိုမိုသော ဝယ်လိုအားများရရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်ပတင်ပို့နိုင်ရန် မျှစ်ချို (မျှစ်ပြုတ်)ကို စမ်းသပ်ထုတ်လုပ်ကာ တင်ပို့နိုင်ရန်စီစဉ်လျက်ရှိသည်။ မျှစ်ချိုကို စမ်းသပ် ထုတ်လုပ်ဖို့ စီစဉ်နေပါတယ်။ ဒီမှာ အဲဒီလိုထုတ်ဖို့အတွက် မျှစ်အမျိုးအစားက လုံလောက်စွာမရှိသေးဘူး။ ရှိတဲ့နေရာကျတော့လည်း လုံလောက်စွာမရှိတဲ့အတွက် စိုက်ပျိုးမှုပိုင်းတွေကိုအရင်လုပ်သွားမယ်။ ပြီးရင် ပြည်တွင်းမှာ အရင်ရောင်းချမှုတွေကိုလုပ်ပြီးမှ ပြည်ပကိုတင်ပို့တာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်ဟု ဦးကျော်ဝင်းကဆက်လက်ပြောသည်။ အဆိုပါမျှစ်ချို ထုတ်လုပ်ရန် ကုန်ကြမ်းများကို ကသာ၊ ဗန်းမော်၊ ထီးချိုင့်၊ တောင်ကြီး၊ တောင်ငူစသည့်ဒေသများမှ မျှစ်များကို ရယူသွားမည်ဖြစ်ပြီး မျှစ်ချိုးနည်း၊ မျှစ်ချိုတည်နည်း၊ မျှစ်ပြုတ်နည်းများကို အဆိုပါ ဒေသများထံသို့သွားရောက်ကာ အသိပညာပေး ဟောပြောပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ မျှစ်ချိုထုတ်လုပ်ဖို့အတွက် အခုနှစ်မှာ ပိသဘာချိန် တစ်သောင်း လောက်ကို စမ်းသပ်ထုတ်လုပ်မှာဖြစ်တယ်။ စမ်းသပ်ထားတာတွေကို ပြည်တွင်းမှာရောင်းချမယ်။ စားသုံးသူတွေ လက်ခံတယ်ဆိုရင် ပြည်ပကိုမပို့သေးဘဲ ပြည်တွင်းမှာလုံလောက်စွာရောင်းချမယ်။ ပြီးမှ နောက်တစ်ဆင့် အနေနဲ့ ပြည်ပကို တင်ပို့မှုလုပ်ဆောင်သွားမှာဖြစ်ပါတယ်ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယခုကဲ့သို့ ဈေးကွက်ပိုင်း ဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ဝါးမျိုးစိတ်များ ပိုမိုတိုးမြှင့်စိုက်ပျိုးခြင်း၊ ဝါးမျိုးများ ထိန်းသိမ်းခြင်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာများ ဖြန့်ဝေခြင်းများကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက လုပ်ဆောင်ပေးလျက်ရှိကြောင်း

သိရသည်။

Source: www.thefarmermedia.com

## အိန္ဒိယနိုင်ငံက မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်ကူညီမည်

အိန္ဒိယနိုင်ငံက မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကူညီမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံမှသိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံက မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ပေးသွားမည့်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန္တာကြည်ထံမှသိရသည်။ အိန္ဒိယကနေ စကောလားရှစ် မဟာသိပ္ပံဘွဲ့ငါးနေရာနဲ့ ပါရဂူဘွဲ့အတွက် ငါးနေရာပံ့ပိုးပေးမယ်လို့ပြောပါတယ်။ ကျွန်မတို့အနေနဲ့ဆိုရင် နည်းပညာပိုင်းဆိုလို့ရှိရင် တတ်နိုင်သမျှ ကျွန်မတို့မှာရှိတဲ့ဟာ၊ သူတို့မှာရှိတဲ့ဟာ ပြည်သူ၊ ပုဂ္ဂလိက၊ အစိုးရပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့အပိုင်းတွေ၊ နောက်ပြီးတော့ ဒီမှာဖြစ်နေတာတွေနဲ့ ပတ်သက်ပြီး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ။ ဒီမှာဖြစ်နေတဲ့ဟာတွေက အိန္ဒိယမှာလည်းရှိနေတယ်ဟု ၎င်းက ဇူလိုင်လ ၁၇ ရက်ကပြောသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကိုလည်း မဟာဘွဲ့နှင့်ပါရဂူဘွဲ့များအတွက်ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိကတော့ အစိုးရဘက်က တချို့မျိုးစေ့တွေ ရောင်းပေးတာတွေရှိပါတယ်။ နောက်ပြီး သူတို့ဘက်က နည်းပညာတွေ၊ ပိုးသတ်နည်းတို့၊ စိုက်ပျိုးနည်းတို့ ပညာပေးတာတွေရှိပါတယ်။ ဒါပေမယ့် အဲဒီလိုပညာပေးတာက တော်တော်နည်းတယ်။ တစ်နှစ်မှတစ်ခါလောက်ပဲ။ အများစုကတော့ စိုက်ပျိုးရေးကုမ္ပဏီတွေကဆင်းလာပြီး ပစ္စည်းရောင်းရင်း ပညာပေးတာများပါတယ်။ အဲဒါကတော့ စိုက်ပျိုးနည်းတွေရော၊ ဓာတ်မြေဩဇာရောစပ်ပုံကအစပေါ့ဟု အညာဒေသမှ တောင်သူတစ်ဦးကပြောသည်။

**Source: www.thefarmermedia.com**

## Thura News Views

**MyTel fined for violating trading rules**

MyTel has been fined MMK 300 million (USD 197,800) by the Posts and Tele-communications Department for violating the regulatory framework. According to an article in The Irrawaddy, the fourth operator to join Myanmar's telecom field, was fined and later warned, under Article 57(a) of the Telecommunications Law for breaching regulations in the Pricing and Tariff Regulatory Framework and for failing to follow licensing agreement rules. U Zaw Min Oo, Chief External Relations Officer of Mytel, was quoted as saying that the fine was imposed in March, after the company provided free SIM cards to customers shortly after entering the market. "They [salespersons] offered free SIM cards as they were so eager for sales," Zaw Min Oo said of traders based outside Yangon. "People already have SIM cards, and they wouldn't buy them if we sold them, and thus we offered them [for free]." MyTel is a joint-venture between Vietnam's military-linked Viettel, a subsidiary of the Union of Myanmar Economic Holdings Limited (UMEHL), and a consortium of local companies.

**YCDC to take action against 'illegal livestock breeders'**

The Yangon City Development Committee (YCDC) is to take action against those involved in the breeding of livestock in "restricted areas". The move will be starting in March next year, according to an article in Myanmar Business Today. Livestock breeding is currently banned in 19 townships of Yangon. The committee will conduct educational campaigns aimed at helping breeders in the restricted areas beforehand. U Than, the Joint Secretary of YCDC, was quoted as saying that local officials are currently

implementing a livestock breeding zone at Nyaung Na Pin, in northern Yangon, "for the sake of our city's people". The move is part of the Development Strategy for Yangon 2040. It aims to improve the standards of living for Yangon residents.

**Myanmar Airways (MAI) opens Hangzhou routes**

Myanmar Airways International (MAI) has opened separate routes from Yangon and Mandalay to Hangzhou, in China's Zhejiang Province. According to an article in the Myanmar Times, it is the latest in a long list of expanded connections be-tween the two countries. In a statement, the airline said that the introduction of two new routes will allow it to play an important role in expanding tourism and trade between the two countries. "China will be a key market to us in 2019 as we tap into the ever-growing Chinese outbound market," U Kyaw Han, Chief Operating Officer of MAI, was quoted as saying. MAI, which is part of the Kanbawza Group conglomerate, already operates flights to Bangkok and Singapore, as well as Kolkata in India, and China's Guangzhou. Myanmar has recently relaxed visa rules for visitors carrying Chinese passports, leading to a rapid expansion in the number of visitors.

**Proximity Finance signs loan agreement with Yoma Bank**

Yangon-based Proximity Finance has signed a USD 3.28 million back-to-back funding agreement with Yoma Bank to support micro-lending for smallholder farmers, according to an article in Dealstreet Asia. "This back-to-back structure of funding will allow more investors into Myanmar in hard currency while allowing MFIs [micro-finance institutions] to repay in local currency," Proximity Finance chief executive Hedvig Sundberg said in a statement, adding that the deal should "continue to be an example for other local banks". The article said that the financing will go towards offering low-interest loans to more than 12,000 families. Proximity Finance is reportedly one of the largest MFIs in Myanmar. The organization claims to have more than 100,000 customers and a portfolio of over USD 20 million.

**Source:Thura Swiss News (Issue 375 Jul 25, 2019 )**

## STOCK EXCHANGE (26.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 467 | 5,137,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 2,928 | 9,808,800 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 12 | 98,400 | 10,400,986 | 85,288 |
| FPB | 00004 | 24,000 | -500 | -2.04% | 24,000 | 24,000 | 24,000 | 20 | 480,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.19 | -0.90 | -0.20% | 448.09 | 448.09 | 447.19 | 3,427 | 15,524,200 | 5 | 610,519 |

### Index chart




# Market Overview

As of 12:00 pm, 26th Jul. 2019

| MYANPIX | 447.19 ▼ 0.90 |
|---|---|
| Total Volume (shares) | 2,969 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 610,519 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 24,000 | ▼ 500 |
| TMH | 00005 | 3,050 | ▲ 0 |